ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဓနုဖြူမြို့နယ်

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကျုံတုံးကျေးရွာ၊ လက်ဆွဲချောင်းကျေးရွာအုပ်စု



၂၀၂၀ ခုနှစ် ဓနုဖြူမြို့

# မာတိကာ

၁ ။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ (ကျေးရွာတည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆.၁။ ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social and Resource Map)

၆.၂။ ရာသီကွင်ပြ ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking)

၆.၄။ ကျား-မ ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုဇယား

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၅။ ပထမအကြိမ်အစည်းအဝေးမှတ်တမ်း


၁၆။ ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

၁၇။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# မြို့နယ်မြေပုံ


ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ဧရာဝတီတိုင်းဒေသကြီး
စကေး ၁.လက္မ = ၁.မိုင်
ဇလွန်မြို့နယ်
ပန်းတနော်မြို့နယ်
ညောင်တုန်းမြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



# လက်ဆွဲချောင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ ရွာကန့်လန့်

၂။ မအူကုန်း

၃။ လေးအိမ်တန်း

၄။ တောလေး

၅။ ရွှေကညင်ပင်

၆။ လက်ဆွဲချောင်း

၇။ ချောင်းစောက်ကလေး

၈။ ကျုံတုန်း

၉။ ပုဇွန်ချောင်း

၁၀။ ကျွန်းတောင်စု

၁၁။ ကျွန်းလယ်စု

၁၂။ သာယာကျွန်း

လက်ဆွဲချောင်းကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာပေါင်း (၁၂) ရွာရှိပါသည်။

# ကျေးရွာသမိုင်းကြောင်း

ကျုံတုန်း ကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ခန့်က ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်း တစ်လျှောက်တွင် ရေကာတာများတည် ဆောက်ခဲ့ကြပါသည်။ ထိုအချိန်တွင် ထိုဒေသအတွင်းရှိ ပြည်သူများကို ခြုံ နွယ်များကို ရှင်းခိုင်းပြီး လယ်ယာမြေများကိုတည်ထောင်ခဲ့ကြပါသည်။ ထိုအချိန်တွင် လက်ဆွဲချောင်း တောလေး ကျေးရွာမှ ဦးသာခွ ဆိုသူမိသားစုမှ ပြောင်းရွှေ့လာပြီး ကျွဲတင်းကုတ် ထိုးပြီး လယ်မြေများကို စတင်တည်ထောင်လုပ်ကိုင်ခဲ့ကြပြီး သားသမီးများနှင့် တစ်စုတစ်ဝေးဖြစ်ပြီး ဦးသာခွ အစုဟု အမည်တွင်လာခဲ့ပါသည်။ နောက်နှစ်ပေါင်း (၃၀) ခန့်ကြာသောအခါ ဦးသာခွ အစု အမည်ပြောက်ပြီး ရွှေဘိုစု အမည်တွင်လာပါသည်။ နောင်နှစ်ပေါင်း များစွာ ကြာလာသောအခါ အင်္ဂလိပ် အစိုးရကနယ်မြေ အေးချမ်းသာယာစေရန်အတွက် ဦးသာခွ၏ သား ဖြစ်သူ ဦးစံပွင့် ကို ရွာသူကြီး ခန့်ပြီးဦးစံပွင့်မှ ရွှေဘိုနယ်မှ ဆင်းလာသော အညာသား များကိုခေါ်ပြီး ကရင်နှင့် ဗမာ အတူ ရှင်တွဲ နေထိုင် နိုင်တယ်ဆိုတာ ရေစက်ဆုံလို့ အတူနေထိုင်ကြတာ ဖြစ်တဲ့အတွက် ရွာနာမည်ကိုအသစ်ပြန်ပေးမည်ဆိုပြီးဆုံတုန်းဟုခေါ်တွင်ခဲ့ရာမှ အချိန်ကာလ ရွေ့လျား လာသောအခါ ဆုံတုန်းမှကျုံတုန်းဖြစ်ပေါ် လာပါသည်။ ယခု ကျုံတုန်းရွာ၏အိမ်ခြေမှာ (၆၀) ခန့်ရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၀) ဦး၊မ(၁၀)ဦး

# ကျုံတုံးကျေးရွာ၏လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း PRA၊PSA

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း<br>(Village History) | ၉.၈.၂၀၁၈ | ကျေးရွာအကြောင်းကိုသိသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၁၂ | ၁၂ | ၂၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြား၁းသတ်မှတ်နိုင်ရေးအတွက်က်အခြေခံစံနှန်းမျများကိုရွာသူရွာသားများနှင့်အတူတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ<br>(Social and Resource Map) | ၉.၈.၂၀၁၈ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတကတက်သူ ကော်မတီတီဝင်အချို့နှင့် ကျေးရွရွာကြောင်းကိုနံ့နံ့စပ်စပ်သိသောလူငယ်လေးများ | ၁၅ | ၁၆ | ၃၁ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေး၊ကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန်<br>(Seasonal Calendar) | ၉.၈.၂၀၁၈ | ကော်မတီဝင်များ(ကျား၊ မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၁၅ | ၁၂ | ၂၇ | ကျေးရွာတွင် ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့်<br>ပွဲတော်ရက်များအကြောင်း ဆေဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား<br>(Wealth Ranking) | ၉.၈.၂၀၁၈ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတမတီဝင်များ | ၁၆ | ၁၂ | ၂၈ | ကျေးရွာအတွင်းရှိဥစ္စာဓနပိုင်ဆိုင်မှုမှုအား အဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ<br>(Venn Diagram) | ၉.၈.၂၀၁၈ | ကျေးရွာအတွင်းရှိအဖွဲ့စည်းများ၊ ကျေးရွာသူသူ၊ကျေးရွာသားများ | ၃၃ | ၂၅ | ၅၈ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအာအား ဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br>(Acess to control over) | ၉.၈.၂၀၁၈ | ကျေးရွာသူ/သားများ | ၁၅ | ၁၁ | ၂၆ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အမျိုးသား၊<br>အမျိုးသမီးအခြေအနေသံ<br>ုံးသပ်ချက်ပြမြေပုံ<br>(Spider Web) | ၉.၈.၂၀၁၈ | ကျေးရွာသူ/သားများ | ၃၁ | ၂၃ | ၅၄ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |
| ၈ | ကျေးရွာ၏ (၅) နှစ်စာ<br>ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ်<br>(Metric Ranking) | ၁၀.၈.၂၀၁၈ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၃၀ | ၂၅ | ၅၅ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးအတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး<br>အစီအစဉ်ပြဇယား<br>(VTDP) | ၂၈.၈.၂၀၁၈ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၃၈ | ၂၆ | ၆၄ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

လူထုဗဟိုပြု စီမံကိန်း

## ၁။ခနဖြူမြို့နယ်၊ လက်ဆွဲချောင်းအုပ်စု၊ ကျုံတုံးကျေးရွာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




## ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျုံတုံးကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပါသည်။ ကျေးရွာသည် အိမ်ထောင်စု(၆၄)ရှိပြီး အမျိုးသား(၁၀၇)၊အမျိုးသမီး(၁၁၃)နေထိုင်ကြပါသည်။ ကျေးရွာတွင် ဗမာလူမျိုးစုများနေထိုင်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းနှင့်ကိုင်းလုပ်ငန်းများဖြစ်ကြပါသည်။ လယ်ယာလုပ်ငန်းနှင့်ကိုင်းလုပ်ကိုင်သူ (၁၂) ရာခိုင်နှုန်း ရှိပြီးကျန်သောအိမ်ထောင်စုများ သည်လက်လုပ်လက်စား လုပ်ကိုင်သူများဖြစ်သည်။ အခြားဒေသသို့သွားရောက်လုပ်ကိုင်ကြပါသည်။အချို့အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြသူများလည်းရှိပါသည်။

### လမ်းပန်းဆက်သွယ်ရေး

ကျုံတုံးကျေးရွာ၏ ရွာအဝင်လမ်းသည်ကွန်ကရစ်ကျောက်ပြားလမ်းဖြစ်သည်။ ရွာတွင်းလမ်း သည်ကျောက်ပြားလမ်းနှင့် ရွှံ့ဗွက်လမ်းဖြစ်သည်။

### သောက်သုံးရေ

နွေရာသီတွင် ရေတုံကင်မှရေကို မိုးခိုအားထားပြီး သောက်သုံးရေကိုအသုံး ပြုရသည်။ နွေရာသီတွင် သောက်သုံးရေမလုံလောက်ပါ။ မိုးရာသီတွင် မြစ်ရေကြီးသဖြင့် သောက်သုံးရေအဖြစ်မိုးရေကိုသာ အားထားရသည်။ ကျေးရွာတွင်အဝီစိတွင်းများရှိသော်လည်းနံသောကြောင့် ထမင်းဟင်းချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်း၊ဆေးကြော ခြင်းလုပ်ငန်း များကိုသာအသုံးပြုကြသည် ။မြစ်ရေကိုခပ်ယူ၍လည်းသုံးစွဲကြပါသည်။

**ပညာရေး**

ကျုံတုံးကျေးရွာတွင် စာသင်ကျောင်းရှိသော်လည်း မူလတန်းကျောင်းဖြစ်သဖြင့် လက်ဆွဲချောင်းကျေးရွာရှိ အလယ်တန်းကျောင်း သို့သွားရောက်ပညာသင်ကြားကြရသည်။မိုးရာသီတွင် လမ်းမကောင်းသောကြောင့် ကျောင်းသား ကျောင်းသူများ အတွက်အခက်အခဲရှိသည်။

**ကျန်းမာရေး**


ကျုံတုံးကျေးရွာတွင် ဆေးပေးခန်း မရှိသဖြင့် ကျန်းမာရေးမကောင်းသော အခါ လက်ဆွဲချောင်းရွာမရှိဆေးပေခန်းသို့ သွားရောက်ကုသရသည်။

**အနှစ်ချုပ်**

ကျုံတုံးကျေးရွာ သည်နွေရာသီတွင် သောက်သုံးရေရှားပါးခြင်း၊ မိုးရာသီတွင်သွားလာရေး အဆင်မပြေခြင်း၊ ကျေးရွာတွင်အလုပ်အကိုင်အခွင့် အလမ်းနည်းပါးနေသောကြောင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရ သည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၁၅ ) ဦး၊ မ (၁၆ ) ဦး

## ၂။ မနေဖြူမြို့နယ်၊ လက်ဆွဲချောင်းအုပ်စု၊ ကျုံတုံးကျေးရွာ ရာသီခွင်ပြပြက္ခဒိန်




### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


ကျုံတုံး ကျေးရွာတွင်လယ်နှ င့်ကိုင်းလုပ်ကိုင်သူ(၈) အိမ်ထောင်စုရှိခန့်ရှိပါသည်။ မိုးရာသီတွင်မြစ်ရေကြီးသဖြင့်စိုက်ပျိုး၍မရသဖြင့်တော်သလင်း၊ သီတင်းကျွတ်မြစ်ရေကျချိန်တွင်စတင်၍ပြောင်းသီးနှံများကိုစိုက်ပျိုးကြပါသည်။ တံငါလုပ်ငန်းကို ဝါဆို၊ ဝါခေါင်လ များတွင် ရှာဖွေစားသောက်ရပါသည်။ တန်ခူး၊ကဆုန်လများတွင် သောက်သုံးရေရှားပါးပါသည်။ တပေါင်း၊ တန်ခူးလများတွင်ပြောင်းများကိုရိတ်သိမ်းကြပါ သည်။ နွေရာသီတွင်သောက်သုံ းရေကန်မှ ရေသည်ခမ်းခြောက်ပါသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။ သွားလာရေးအဆင်မပြေပါ။ ဝါဆို၊ ဝါခေါင်လတွင် ဝင်ငွေနည်းပါးပြီး ပြာသို၊ တပိုတွဲလများတွင်ဝင်ငွေကောင်းပါသည်။ တန်ခူး၊ကဆုန်၊ နယုန်လတွင် ရွာသူ/ရွာသားများ အားလပ်ကျပါသည်။ သီတင်းကျွတ်လတွင်မီးထွန်းပွဲများ ကျင်းပပြီး၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲကျင်းပသည်။

### အနှစ်ချုပ်

ကျုံတုံး ကျေးရွာတွင် နွေရာသီသောက်သုံးရေမလုံလောက်ခြင်း၊ မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေးမကောင် းပါ။ ကျေးရွာ တွင်အလုပ်အကိုင်အ ခွင့်အလမ်း းနည်းပါးနေသောကြောင့် အခြားမြို့နယ်သို့သွားရောက်လု ပ်ကိုင် ခြင်းကြုံတွေ့နေရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး၊မ(၁၂)ဦး

## ၃။ခနေဖြူမြို့နယ်၊ လက်ဆွဲချောင်းအုပ်စု၊ကျုံတုံးကျေးရွာ ဥစ္စာနေကြွယ်ဝမှုဇယား



လက်ဆွဲချောင်းအုပ်စု ကျုံတုံးကျေးရွာ ဥစ္စာနေကြွယ်ဝမှုဇယား Date 3.9.2019 update - 12.8.2021

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာသော အုပ်စု | တိုက်အိမ်၊ လယ်၁၀ဧက၊ လက်တွန်းထွန်စက် ထော်လာဂျီ၊ စပါးခြွေစက်၊ ဆန်စက်၊ ဆိုင်ကယ်၊ နွား၂ကောင်၊ လှည်း၊ TV၊ ဖုန်း | ၅ | ၈% |
| အသင့်အတင့် အုပ်စု | သစ်အိမ်၊ လယ်၅ဧက၊ နွား(၂)ကောင်၊ လှည်း၊ ဆိုင်ကယ်၊ TV၊ အထက်တန်းကျောင်းထား၊ ဖုန်း | ၄၅ | ၆၉% |
| နွမ်းပါးသော အုပ်စု | ဝါးအိမ်၊ လက်လုပ်လက်စား၊ ကြက်၊ ဆက်ဘီး၊ အလယ်တန်းကျောင်းထား၊ ကလေးများ | ၁၅ | ၂၂% |
| စုစုပေါင်း | | ၆၅ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ ကျား ၁၆၊ မ ၁၂

### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


ကျုံတုံးကျေးရွာတွင် လူမှုအလွှာသုံးမျိုးရှိပါသည်။ ချမ်းသာသောအုပ်စု ၊ ပြေလည်သောအုပ်စုနှင့်မပြေလည် သောအုပ်စုဟူ၍(၃)မျိုးရှိပါသည်။ချမ်းသာသောအုပ်စုတွင်အိမ်ထောင်စု(၅)စုရှိပါသည်။ချမ်းသာသောအိမ်ထောင်စုများသည် တိုက်ခံအိမ်များဖြင့်နေထိုင်ကြပြီး လယ်မြေ(၁၀)ဧကနှင့်ကိုင်း(၃)ဧက ပိုင်ဆိုင်ကြပါသည်။ နွား(၂)ကောင်၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ လှည်း၊TV၊ဖုန်းစသည်တို့ ပိုင်ဆိုင်ကြပါသည်။အများအားဖြင့်လယ်နှ င့်ကိုင်းလုပ်ကိုင်သူများဖြစ်ကြပါသည်။အသင့်အတင့်ပြေလည်သောအုပ်စု တွင်အိမ်ထောင်စု(၄၅)စုရှိပါသည်။ သစ်အိမ်များဖြင့် နေထိုင်ကြပါသည်။ လယ်ယာမြေအနည်းငယ် လုပ်ဆောင်ကြပြီး၊ အိမ်၏စီးပွားရေးအဖြစ် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မပြေလည်သောအုပ်စုတွင် နွမ်းပါးသောအိမ်ထောင်စု(၁၅)စု ရှိပါသည်။ နွမ်းပါးသူများသည် သွပ်မိုးဝါး အိမ်များဖြင့် အများဆုံးနေထိုင်ကြပါသည်။ လယ်ယာမြေ မရှိပါ။ ကျေးရွာတွင်ရရာအလုပ်ကို နေ့စားဝင်ရောက်လုပ်ကိုင်ပြီးစားဝတ်နေရေးကိုဖြေရှင်းရသည်။ နွမ်းပါးသူများသည် ကိုယ်ပိုင်အလုပ်အကိုင်မရှိခြင်း၊ ဝင်ငွေရသူနည်းပြီး စားသုံးသူများနေခြင်း၊ ကျောင်းသားကျောင်းသူများ ပညာဆုံးခန်းတိုင်အောင်သင်ကြားရခြင်းမရှိပဲ အခြားမြို့များ သို့ သွားရောက်လုပ်ကိုင်ရပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိပါက စားဝတ်နေရေးအဆင်ပြေ လာမည်။

### အနှစ်ချုပ်

နွမ်းပါးသောသူများသည် ကျေးရွာတွင်အလုပ်အကိုင်အခွင့်နည်းပါးနေခြင်းကြောင့် အခြားမြို့များ သို့ သွားရောက်လုပ်ကိုင်နေရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၁၆)ဦး၊ မ(၁၂)ဦး

## ၄။နေပြည်တော်မြို့နယ်၊ လက်ဆွဲချောင်းအုပ်စု၊ ကျုံတုံးကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း



### ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

### ဝင်ငွေရှာဖွေနိုင်မှု

ကျုံတုံးကျေးရွာ၏ ဝင်ငွေရှာဖွေမှုတွင်အမျိုးသားများသည် (၇၅)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများသည် (၆၀) ရာခိုင်နှုန်းရှိသည်။ ကျေးရွာရှိလုပ်ငန်းများလုပ်ကိုင်ရာတွင် အမျိုးသားများကိုပိုမိုလုပ်ကိုင် ရရှိခြင်း၊ အလုပ်လုပ်ရာတွင်လည်း အမျိုးသားများက လုပ်အားခပိုမိုရရှိပါသည်။

### အဖွဲ့အစည်းများတွင်ပါဝင်ခြင်း

ကျုံတုံးကျေးရွာရှိ အဖွဲ့အစည်းများတွင်ပါဝင်ခြင်းတွင် အမျိုးသာများသည် (၆၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည်(၄၀)ရာခိုင်နှုန်းသာရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများနည်းပါးနေသော ကြောင့်အမျိုးသမီးများပါဝင်ခွင့်အားနည်းနေခြင်း၊ အမျိုးသမီးများသည်အိမ်မှုကိစ္စများနှင့်သာအချိန်ကုန်နေသောကြောင့် အမျိုးသမီးများ ပါဝင်ခွင့်အားနည်းနေရ ခြင်းဖြစ်ပါသည်။

### အမွေရရှိမှု

ကျုံတုံးကျေးရွာရှိ အမွေရရှိမှုတွင် အမျိုးသားများသည်(၅၀) ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်း ရှိသည်။ လေးအိမ်တန်းကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ သည်အမွေရှိမှုတွင်သာအခွင့်အရေးတူညီသည်ကိုတွေ့ရပါသည်။

## အိမ်မှုကိစ္စဆောင်ရွက်မှု

အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသားများသည် (၅၀) ရာခိုင်နှုန်းရှိပြီးအမျိုးသမီးများသည် (၈၀) ရာခိုင်နှုန်းရှိသည်။ အမျိုးသားများသည်အိမ်၏စားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေနေရ သောကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အားနည်းသည်။ ကျေးရွာတွင် အမျိုးသမီးများ လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေသောကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများ၊ ကလေးများ ၏ကျောင်းကိစ္စများနှင့် သာများ သောအားဖြင့်အချိန်ကုန်နေရသည်။

## ဆုံးဖြတ်ချက်ချပိုင်ခွင့်

ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင် အမျိုးသားများသည်(၇၅)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၄၀)ရာခိုင်နှုန်းသာရှိသည်။ ကျေးရွာ၏ရပ်ရေးရွာရေးလုပ်ဆောင်မှုတွင် အမျိုးသားများ ကသာဦးဆောင်ဆောင်ရွက်ပြီး ဆုံးဖြတ်ချက်ချလုပ် ဆောင်မှုများသည်။ အမျိုးသမီးများကို ဆုံးဖြတ်ချက်ချပိုင်ခွင့်ပေးရာတွင် အားနည်းသည်။

## အလုပ်အကိုင်ရှိမှု


အလုပ်အကိုင်ရှိမှုတွင် အမျိုးသားများသည်(၇၅)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည်(၅၀) ရာခိုင်နှုန်းသာရှိပါသည်။


## အနှစ်ချုပ်

ကျုံတုံးကျေးရွာတွင် အမျိုးသမီးများသည် အဖွဲ့အစည်းများတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်ဝင်ငွေရရှိမှု၊ အလုပ်အကိုင်ရှိမှု၊ များတွင်ပါ ဝင်ခွင့် လုပ်ပိုင်ခွင့်အားနည်းနေခြင်းအခက်အခဲများကြုံတွေ့နေရပါသည်။ထို့ကြောင့် ကျေးရွာဖံွ့ဖြိုး ရေးလုပ်ငန်းများ လုပ်ကိုင်ရာ တွင်အမျိုးသမီးများကို ဦးစားပေး၍ ပါဝင်လုပ်ကိုင်စေခြင်းဖြင့်အမျိုးသမီးများ၏ စွမ်းဆောင်ရည် ကိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၃၁)ဦး၊မ(၂၃)ဦး

လူထုဗဟိုပြု စီမံကိန်း





**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ကျုံတုံးကျေးရွာ၏ အမျိုးသမီးများသုံးစွဲသောအရင်းအမြစ်များမှာ အပ်ချုပ်စက်၊ ကျူဖျာရက်လုပ်ခြင်းလုပ်ငန်းများ လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အမျိုးသားသုံးစွဲသော အရင်းအမြစ်များမှာနွား၊လှည်း ၊လယ်ယာသုံးပစ္စည်း၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်း လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။အမျိုးသားအမျိုးသမီး သုံးစွဲသောအရင်းအမြစ်များမှာ လယ်၊ ကိုင်း၊ ဓမ္မာရုံ၊ TV၊ဆိုင်ကယ်၊စက်ဘီး တို့ဖြစ်ပါသည်။ အမျိုးသမီး သီးသန့်ထိန်းချုပ်သောအရင်းအမြစ်များမှာ စက်ချုပ်ခြင်း၊ ကျူဖျာရက်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။ အမျိုးသားသီးသန့် ထိန်းချုပ်သော အရင်းအမြစ်များမှာ လယ်၊လယ်ယာသုံးပစ္စည်း၊ကိုင်း၊ဓမ္မာရုံ၊ ဆိုင်ကယ်၊ TV၊ လှေ၊ ပိုက်၊ စက်ဘီးတို့ဖြစ်ပါသည်။ လေးအိမ်တန်းကျေးရွာရှိအရင်းအမြစ်များကိုပြုပြင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ထိန်းချုပ်ခြင်းများတွင်အမျိုးသမီးများထက်အမျိုးသားများကပို၍ထိန်းချုပ်ထားကြပါသည်။ အမျိုးသား များဆောင်ရွက်သကဲ့သို့ အမျိုးသမီးများလုပ်ကိုင်ပါက တန်းတူညီတူလုပ်ကိုင်ခွင့်ရှိ ပါသည်။

**အနှစ်ချုပ်**

ကျုံတုံးကျေးရွာတွင် အမျိုးသမီးများသုံးစွဲသော အရင်းအမြစ်နည်း ပါးနေခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးနေခြင် းအခက်အခဲများကြုံတွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး၊မ(၁၁)ဦး

## ၆။ဓနေပြူမြို့နယ်၊ လက်ဆွဲချောင်းအုပ်စု၊ ကျုံတုံးကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြဇယား



**ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း**

ကျုံတုံး ကျေးရွာတွင်ရှိသောအဖွဲ့အစည်းများ မှာ ကျေးရွာရာအိမ်မှူး၊ ကျေးရွာဆယ်အိမ်မှူးအဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ပက်(မြန်မာ)၊ သာရေး၊ နာရေးကူညီမှုအသင်း နှင့် မီးသတ်အဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာ၏ရပ်ရေးရွာရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် ကျေးရွာရာအိမ်မှူးသည် ကျေးရွာမှာ ရှိသောအဖွဲ့အစည်းများသည် ချိတ်ဆက် ဆောင်ရွက်လုပ်ကိုင်ပါသည်။ ကျေးရွာရာအိမ်မှုးအဖွဲ့သည် ကျေးရွာ၏ အကြောင်း တစ်စုံတစ်ရာ အခက်အခဲပြဿနာရှိပါက လက်ဆွဲချောင်းကျေးရွာရှိအုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်ပါသည်။ ကျေးရွာရာအိမ်မှူးနှ င့် ကျေးရွာဆယ်အိမ်ခေါင်း အားအဖွဲ့သည် ကျေးရွာမှတင်မြှောက်ထားသောကြောင့် ကျေးရွာ၏ သာရေးနာရေးကိစ္စများ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချပါသည်။

**အနှစ်ချုပ်**

ကျုံတုံးကျေးရွာသည် အဖွဲ့အစည်းအနည်းငယ်သာရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၃၃)ဦး၊မ(၂၅)

## နေပြည်တော်ဖြူမြို့နယ်၊ လက်ဆွဲချောင်းအုပ်စုကျုံတုံးကျေးရွာ လူမှုဆန်းစစ်ချက်များပြုလုပ်နေပုံ





၈။ ကျေးရွာကော်မတီဝင်များစာရင်း ( ကျုံကြိုး )

| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးနိုင်လင်းထွန်း | ✓ | | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်သန်းသန်းဆိုင် | | ✓ | ဥက္ကဋ္ဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးမျိုး | ✓ | | ခေါင်းဆောင် |
| ၂။ | ဒေါ်စောဖြင့် | | ✓ | မှတ်တမ်းထိန်း |
| ၃။ | မစောဖိုဖို | | ✓ | အဖွဲ့ဝင် |
| ကျေးရွာငွေစရင်းကိုင် | | | | |
| ၁။ | ဦးအောင်အောင် | ✓ | | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးအောင်သူဆို | ✓ | | ခေါင်ဆောင် |
| ၂။ | ဒေါ်စေးကြည် | | ✓ | အဖွဲ့ဝင် |
| ၃။ | | | | အဖွဲ့ဝင် |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်ခင်မာရီ | | ✓ | ခေါင်းဆောင် |
| ၂။ | ဦးမင်းညီညီ | ✓ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်ဖီဖီဝင်း | | ✓ | အဖွဲ့ဝင် |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးစန်းယု | ✓ | | တာဝန်ခံ |
| ၂။ | မညီညီထွန်း | | ✓ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးသန်းထိုက်အောင် | ✓ | | အကူ |
| ၂။ | ဒေါ်ညိုကြည် | | ✓ | အကူ |
| ၃။ | | | | အကူ |
| ၄။ | | | | အကူ |

၂၀၂၀ ခုနှစ် ဓနုဖြူမြို့

ပုံစံ - ၁ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လယ်ကွင်းကိုဂျက်/ ကျေးရွာတစ်ရွာသို့ ပထမဆုံးပိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို ပိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းပိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ တဆင့် ဖြည့်စွက်ရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | [illegible] | [illegible] |

| ပြည်နယ်/တိုင်းဒေသကြီး ရော်ဝတီ | မြို့နယ် ဒေမော့ | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေ |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၃၄ | ဘာသာ (၁) ဗုဒ္ဓ | ၃၄ |
| လူမျိုးစု (၂) ဗမာ | ၂၆ | ဘာသာ (၂) ဗုဒ္ဓ | ၂၆ |
| လူမျိုးစု (၃) -------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင် | ၇၁ | ၈၁ |
| လူမျိုးစု (၂)---ဗမာ | ၅၁ | ၆၆ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၄၆ | ၁၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ဘုရားကျောင်း | |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | |
| အထက်တန်းကျောင်း | ☐ | | | အခြား | |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာ | |
|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်ဝီးသမား | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်တွယ်သူ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း **မော်တော်ဆိုင်ကယ်လမ်း**

ကျောက်ခင်းလမ်း မြေသားလမ်း လှည်းသွားလမ်း အခြား ________

(င) ကျေးရွာပွဲပြီးမှုစီမံချက်

(၁) လူထုပေါ်ပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာပွဲပြီးမှု စီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ ရှိပါသည်/**မရှိပါ**/မသိပါ

(ဃ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၃.၅-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

- ခြောက်သွေ့ရာသီတွင်ကြာချိန်---၂၅ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်
  အခြား ------------------
- မိုးရာသီတွင်ကြာချိန်------------၃၀ မိနစ်------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်
  အခြား ------------------

(င) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(စ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

(ဆ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးဆောရွှေ

လက်မှတ် (signature) နေ့ ၁၈.၈.၂၀၁၈

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်အေးအေးနိုင်

လက်မှတ် (signature) နေ့စွဲ ၁၈.၈.၂၀၁၈

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖော ဖောနိုင် | | | |
| နေ့စွဲ ၁၈ - ၈ - ၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု လက်ဆွဲရှောင် | ကျေးရွာ ကျုံဘုန် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် | လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု% |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၈.၂၀၁၈ | ၁၈.၈.၂၀၁၈ | ၄၀ | ၂၄ | ၅၄ | ၄၇<br>၁၇ | ကရင်<br>ဗမာ | ၆၃ | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၈.၂၀၁၈ | ၁၉.၈.၂၀၁၈ | ၃၅ | ၃၀ | ၅၀ | ၅၀<br>၁၅ | ကရင်<br>ဗမာ | ၆၃ | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

## ပုံစံ - ခ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်ချမှတ်ခြင်းအစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူး၏အကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဖေးဖေးနိုင် | | | |
| နေ့စွဲ ၁၉ . ၈ . ၂၀၁၈ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဓနုဖြူ | ကျေးရွာအုပ်စု လက်ဆွဲချောင်း | ကျေးရွာ ကျုံတွင်း |

ဂ။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျောင်းသား/သူ များ နှင့် ကများပြည်သူများ သွားလာရန် အခက်အခဲ ရှိသည်။ | ၁ | လမ်းကျဉ်းမြောင်းသဖြင့် သွားလာရေး ခက်ခဲ မပြေခြင်း။ |
| ၂ | ကများပြည်သူ သွားလာခြင်း နှင့် ကုန်ပစ္စည်းများသယ်ယူရာတွင်ချောင်းကူးရန် ခက်ခဲခြင်း။ | ၂ | ကျောင်းသူ/သား များ ချောင်းကူးရာတွင် ခက်ခဲမပြေခြင်း။ |
| ၃ | ကျောင်းသား/သူ များစာကျက်ရာ နှင့် ညအခါသွားလာရာတွင်လုံလောက်သော အလင်းရောင် မရှိခြင်း။ | ၃ | ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်း မမှီခြင်း။ |
| ၄ | သတင်းအချက် အလက်များနှင့် စာပေဖတ်ရှုသူ များ အချိန်နှင့်တပြေးညီ မရရှိခြင်း။ | ၄ | ကျောင်းသား/သူ များ စာကျက်ရာတွင် အခက်အခဲရှိခြင်း သဖြင့် အလင်းရောင်လုံလောက်မှု မရှိခြင်း။ |
| ၅ | ကျန်းမာရေးကိစ္စ များအတွက်စောင့်ရှောက်မှု အားနည်းခြင်း။ | ၅ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။ |
| ၆ | လုံလောက်သောသောက်သုံးရေ မရရှိခြင်း။ | ၆ | ရေ သုံးစွဲရေ လုံလောက်မှု မရှိခြင်း။ |
| ၇ | ငွေကြေး အရင်းအနှီး လိုအပ်ခြင်း။ | ၇ | မိခင်တွေ၏ အတတ်ပညာ အားနည်းခြင်း။ |
| ၈ | အသက်မွေး ဝမ်းကျောင်း လုပ်ငန်းရာတွင် နည်းပညာ ဗဟုသုတ များ လိုအပ်ခြင်း။ | ၈ | အစည်းအဝေး လုပ်ရန် နေရာ အခက်အခဲ ရှိခြင်း။ |
| ၉ | ကျောင်းသား/ကျောင်းသူများစာသင်ကြားရာတွင် နေရာ အခက်အခဲရှိခြင်း။ | | |

ဓ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျောင်းသား/ကျောင်းသူများနှင့် အများပြည်သူများသွားလာ မှုလွယ်ကူစေရန် - | ၁ | သွားလာရေး အဆင်ပြေစေချင်ပါသည်- |
| ၂ | အများပြည်သူ သွားလာခြင်း နှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာ၌ ချောမွေ့ လွယ်ကူစေရန် | ၂ | ချောင်းကူးတံတား အဆင်ပြေစေချင်ပါသည် |
| ၃ | ကျောင်းသား/သူ များ အကျိုးကျေးဇူး နှင့် အခါခါ သွားလာရာတွင် လုံလောက်သော အလင်းရောင်ရရှိစေရန် | ၃ | ကျန်းမာရေး ဆေးပေးခန်း ဆောက်ပြီး ပြည့်ဝစွာရရှိချင်ပါသည်- |
| ၄ | သတင်းအချက်အလက်များနှင့် ဗဟုသုတများ အချိန်နှင့်တပြေးညီ ရရှိစေရန် | ၄ | အလင်းရောင် လုံလောက်စွာ ရရှိချင်ပါသည်- |
| ၅ | ကျန်းမာရေး ကိစ္စများ အတွက် ဆေးဆောက် ရရှိစေရန် | ၅ | အလုပ်အကိုင် အခွင့် အလမ်း များရရှိချင်ပါသည်- |
| ၆ | ကောင်းမွန် လုံလောက်သော သောက်သုံးရေ ရရှိစေရန် | ၆ | ရေ [illegible] လုံလောက်စွာ ရရှိချင်ပါသည် |
| ၇ | လုံလောက်သော ငွေကြေး အရင်းအနှီး ရရှိစေရန် | ၇ | အိမ်တွင်းမှု အတတ်ပညာများ တတ်မြောက်စေချင်ပါသည် |
| ၈ | အသက်မွေးဝမ်းကျောင်း ရပ်ရွာတွင် ပညာ ဗဟုသုတများ ပြည့်ဝစေရန် | ၈ | အသည်းအဆေး လုပ်ရာတွင် ဈေးကွက်ရှာဖွေခြင်း အဆင်ပြေ စေချင်ပါသည် - |
| ၉ | ကျောင်းသား/သူများ စာသင်ကြားရာတွင် လုံလောက်သော နေရာရရှိစေရန် | | |

လ။ ရပ်ရွာစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း (ရွာတွင်း) | (အမျိုးသား+အမျိုးသမီး) | ၈၇၀၀၀၀၀ | ၂၆၄ |
| ၂ | တံတား | (က + မ) | ၂၅၀၀၀၀၀၀ | ၂၆၄ |
| ၃ | [illegible] | (က + မ) | ၂၀၀၀၀၀၀၀ | ၂၆၄ |
| ၄ | ဆေးပေးခန်း | (က + မ) | ၃၅၀၀၀၀၀၀ | ၂၆၄ |
| ၅ | ရေသန့် တူးမြောင်း ကန့်ဖက် | (က) + (မ) | ၇၅၀၀၀၀၀ | ၂၆၄ |
| ၆ | [illegible] | (မ) | ၁၈၅၀၀၀၀၀ | ၂၆၄ |
| ၇ | စာကြည့်တိုက် | (က) | ၁၇၅၀၀၀၀၀ | ၂၆၄ |
| ၈ | စာသင်ကျောင်းဆောင်သစ် ထိုးချဲ့ခြင်း | (က) | ၁၈၅၀၀၀၀၀ | ၂၆၄ |

၁၁။ လူထုစီမံကိန်းပါ လာမည့် ( ၄ ) နှစ်အတွက် ဆောင်ရွက်သင့်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အကြိမ်အရေအတွက် |
|---|---|---|---|
| ၁ | [illegible] | ( က+မ ) | နှစ်ကြိမ် |
| ၂ | [illegible] | ( က+မ ) | နှစ်ကြိမ် |
| ၃ | ကလေးကျောင်း ကျွန်း ကလေး | ( မ ) | နှစ်ကြိမ် |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဇော်ရွှေ လက်မှတ် [signature] နေ့စွဲ ၁၉.၈.၂၀၁၈

လူထုဗဟိုပြု စီမံကိန်း

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
